## ဆ။ ပါဒုကဝဂ်

[ဟိန္ဒူလူမျိုးများ စီးလေ့ရှိသော သဲကြိုးမပါဘဲ အဖျား၌ ဗုကလေးတင်ပြီးလျှင် ထိုဗုကို ခြေဖျားဖြင့် ညှပ်၍ စီးရသော သစ်သားဘိနပ်(ခုံဘိနပ်)ကို "ပါဒုက=ခြေနင်း"ဟု ခေါ်၏၊ ထိုဘိနပ်မှ ကြွင်းသော သဲကြိုးတပ် နောက်ပိတ်ဘိနပ်စသော ဘိနပ်များကို "ဥပါဟန=ဘိနပ်"ဟု ခေါ်၏။]

ကိုရင် ဗုဒ္ဓရက္ခိတ .... ကျန်းမာပါလျက် (က) ခြေနင်း စီးထားသူ၊ (ခ) ဘိနပ်စီးထားသူများအား တရားမဟော ကောင်း။

(ဂ) လှည်း လှေ ရထား သဘော် မော်တော်ကားစသော ယာဉ်အမျိုးမျိုး စီးနေသူအား မိမိက ယာဉ် အောက်၌ နေလျက် တရားမဟောကောင်း။

(ဃ) ကျန်းမာလျက် အိပ်ရာပေါ်၌ လျောင်း၍ (ဟန်ကြီး ပန်ကြီးနှင့်)တရားနာသူအား မိမိက ထိုင်၍ဖြစ်စေ ရပ်၍ဖြစ်စေ တရားမဟောကောင်း။

(င) ကျန်းမာပါလျက် လက်ဖြင့် ဖြစ်စေ အဝတ်ဖြင့် ဖြစ်စေ ဒူး ၂-ဘက်ကို ပတ်၍ မရှိမသေ ထိုင်နေသူအား မိမိက ရိုးရိုးထိုင်၍ဖြစ်စေ ရပ်၍ဖြစ်စေ အိပ်၍ဖြစ်စေ တရားမဟောကောင်း။

(စ) ဆံစ မပေါ်အောင် ဦးခေါင်းကို ရစ်ပတ် ဖုံးအုပ်၍ ခေါင်းပေါင်း ပေါင်းထားသူ ဦးထုပ် ဆောင်းထားသူ အား တရားမဟောကောင်း၊ ဟောလိုလျှင် ခေါင်း ပေါင်း ဦးထုပ်ကို ချွတ်စေပြီးမှရင်း, ဆံစ ပေါ်ရုံ